မြန်မာခရစ်ယာန်မိသဿဟာယအသင်းတော်

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. _Volume 5/ Issue 11/ November / 2012*




*Dear brothers and sisters in Christ,*

*Let us give thanks to the LORD for His abundance blessings through out the whole year.*

*Occasion … Thanksgiving Service*<br>
*Date … Thursday, November 22, 2012*<br>
*Time … 2:00 PM*<br>
*Place … St. Luke's Episcopal Church*<br>
*122 S. California Ave. Monrovia, CA 91016*

*After the Service, we gather at B.C.F Thanksgiving Potluck Dinner.*<br>
**Please bring your food and share with others*

*Be thankful unto Him, and bless His name. For the LORD is good; His mercy is everlasting; and his truth endures to all generations. ~Psalm 100:5~*

## Thanksgiving Day - ကျေးဇူးတော်ချီးမွမ်းရာနေ့



- ကျေးဇူးတင်ပါသည်။ အို–အဘ။
- တစ်နှစ်တစ်ခါ … ပြန်ရောက်လာ<br>Thanksgiving နေ့ပါ။
- နွေအကုန် … ဆောင်းအကူး<br>မြောက်လေဆော်ကာမြူး။<br>ရော်ရွက်ဝါတွေ … မြေမှာလူး<br>ဟေမာန်ရာသီဦး။
- လယ်ကွင်းပြင်များ … မောင်းညိုကာ<br>စပါး။ဂျုံ။ပြောင်း … ရိတ်ချိန်မှာ<br>ကောက်လှိုင်းတွေ … တောင်လိုမောက်။<br>စပါးကျီသို့ရောက်။
- အိမ်နောက်ခြံမှာ … ဖရုံတွေ<br>ဝါဝါဝင်းလို့ … ရင့်မှဲ့နေ။<br>ဆွတ်ခူးရတာ … ပျော်ပျော်ပါး<br>ပွေ့ပိုက်ကာထား။
- ပန်းသီးလိမ္မော် … ဘယ်ရီမကျန်<br>တောင်းကြီးတောင်းငယ် … ပြည့်လို့လျှံ<br>လက်ဆွတ်ကာ … ရွေးချယ်ပါ<br>ကြိုက်ရာကိုယူသွား။
- တောစပ်နားက … ကြက်ဆင်များ<br>မြည်သံပေးကာ … မြူးကြွနေ။<br>ဆူဖြိုးချိန်မှာ … ဖမ်းယူကာ<br>ပြုပ်ကျော်လို့ကင်စား။
- မျိုးစုနွယ်ဘွား … စုရုံးလာ<br>ဘုရားရှင်ကို … ဝတ်ပြုကာ<br>ခံစားရသော … ကောင်းကြီးများ<br>မင်္ဂလာနဲ့ပြည့်စေသား။
- ညနေခင်းဝယ် … ညစာပြင်<br>စားပွဲလယ်မှာ … ကြက်ဆင်ကင်<br>စားချင်စဖွယ် … အမျိုးစုံစွာ<br>ကျေးဇူးတော်ချီးမွမ်း။
- မိသားစုများ … သားချင်းစုံ<br>အတူတကွ … ပြောမကုန်<br>ပြုံးလို့ရှင်ကာ … အကြင်နာပေး<br>ဝေမျှကာကျွေး။
- ရယ်ရွှင်ဖွယ်ရာ … စကားသံ<br>တစ်အိမ်လုံးကို …ကျွတ်ကျွတ်ညံ<br>အိမ်အရှေ့က … မီးပုံပွဲ<br>ကခုန်လို့ဆင်နွှဲ။
- အားလုံးညီညာ …ပျော်ရွှင်ကာ<br>တေးဂီတသံ … မိုးယံထိလျှံ<br>ချီးမွမ်းသံတွေ … ဘယ်ခါမဆုံး<br>နောင်နှစ်ခါလာပါအုံး။

♠ *Smile*

# "We Need Thanksgiving!"

Giving thanks is learned behavior. It is not something that comes naturally. I have two small grandchildren: girl ages 2 and boy ages 3. We have tried hard to tech them to say thank you. Like most parents we have striven to give them everything they need and many of the things they want. And Children become used to that and take to for granted.

I guess because we have been so good to them they have grown to expect the many good gifts we give them. As a result it would never occur to them to say "Thank you." So we remind them. If someone gives one of our grandchildren something, no matter how small or how large we say, "Now, say thank you." If we pass them the food at the table we say, "Now say thank you." Our hopes are that they will grow used to hearing that reminder and will begin reminding themselves.

Sometimes all this training and hard work pays off. And suddenly without any prompting one of our little grandchildren says "thank you." Those unsolicited thank you more than make up for all the unspoken thank you we never received.

Somewhere in history there was Samaritan mother or father that did their job well - at least where saying thank you is concerned. The Bible tells us that after being healed of leprosy a Samaritan returned to say thanks to Jesus. At first he had run along rejoicing. But I imagine that he heard is parents' voices in his head saying, "Now say thank you - say thank you." So he returned and gave thanks to Jesus.

But wait a minuet. Weren't there ten lepers who were healed not one. What happened to the other nine. I guess they just took Jesus' gift for granted.

Luke 17:11-19, Ten Lepers Cleansed

***Now it happened as He went to Jerusalem that He passed through the midst of Samaria and Galilee. Then as He entered a certain village, there met Him ten men who were lepers, who stood afar off. And they lifted up their voices and said, "Jesus, Master, have mercy on us!"***

***So when He saw them, He said to them, "Go, show yourselves to the priests." And so it was that as they went, they were cleansed. And one of them, when he saw that he was healed, returned, and with a loud voice glorified God, [16] and fell down on his face at His feet, giving Him thanks. And he was a Samaritan.***

***So Jesus answered and said, "Were there not ten cleansed? But where are the nine? Were there not any found who returned to give glory to God except this foreigner?" And He said to him, "Arise, go your way. Your faith has made you well."***

But without being asked one did give thanks. That is why we need a national day of thanksgiving. To be a parental voice saying to all America, "Now say thank you." As Christians we know that in our minds that all blessings are gifts from God. And God gave us so much! Like a good parent God is always giving us all we need and much of what we want.

But we usually forget to say thank you. Nine times out of ten we just go on our way. We need at least one day to remind ourselves to give thanks. Not that we shouldn't give thanks always. But at least one a year we are reminded to say thank you to God.

So, on Thursday you can gather around the table with your turkey and remember to say thank you. But the day after that as you try to decided how to fix the leftovers and the day after that remember that voice saying, "Now say thank you." And remember to give thanks.

Now thank we all our God with hears and hands and voices,
who wondrous things have done, in whom this world rejoices;
who from our mother's arms has blessed us on our way with
countless gifts of love and still in ours today.

Thank you God.
Yi Yi Aye

# ကျေးဇူးတင်ဆပ်ရန် မမေ့လျော့

နွေရာသီရဲ့ နေ့တစ်နေ့မှာ ကျွန်တော့်ရွာလေးကနေ မြို့ကို ဈေးဝယ်ဖို့ သူငယ်ချင်း မျိုးကြီးနဲ့ စက်ဘီးစီးသွား ကြပါတယ်။ စက်ဘီးပေါ်မှာလည်း မြို့မှာရောင်းဖို့ ဟင်းသီးဟင်းရွက်တွေကို ပီနံ အိတ်တစ်အိတ်စီ တင်ပြီး သွားကြတယ်။ ကျွန်တော်တို့နေတဲ့ ရွာနဲ့ မြို့ဟာ (၁၂) မိုင်လောက်ဝေးတာကြောင့် မနက်စောစော (၆)နာရီလောက် ကတည်းက ရွာကနေ ထွက်လာကြရပါတယ်။ တောလမ်းဖြစ်လို့ တစ်နာရီခွဲ နင်းတာတောင် ခရီးသိပ်မပေါက် သေးပါ။ မနက် အစာကြီးဘာမှ မစားကြရသေး၊ လမ်းကလည်း ကြမ်းတော့ တော်တော်ကို ပင်ပန်းနေကြပါပြီ။

ဒီလိုနဲ့ လမ်းခရီး တစ်နေရာ အရောက်မှာတော့ ဝန်အပြည့်တင်လာတဲ့ နွားလှည်းတစ်စီးဟာ တံတားကို မကျော်နိုင်ဘဲ ရပ်နေတာကိုတွေ့လိုက်ကြပါတယ်။ နွားလှည်း ပေါ်မှာတော့ နွားလှည်းမောင်း တဲ့ လူရွယ်နဲ့ အမျိုးသမီးတစ်ဦး စီးလာကြပါတယ်။ ဒီအချိန်မှာ လူရွယ်က “အစ်ကိုတို့ ကျွန်တော့်လှည်းကို တဆိတ်လောက်ကူ တွန်းပေးကြပါဦး” လို့ အကူအညီတောင်းတာနဲ့ ကျွန်တော်တို့လည်း စက်ဘီးတွေရပ်ပြီး အခြေအနေကို ကြည့်လိုက်ကြပါ တယ်။

ဒီအခါမှာ နွားတွေကလည်း ရှန်းရလွန်းလို့ မောပမ်းနေတာကို တွေ့ရတော့ .. .. ကျွန်တော်က “ကဲ !.. မျိုးကြီးရေ ကျွန်တော်တို့ ခဏလောက် တွန်းပေးကြရအောင်” ဆိုပြီး လှည်းကို ကူတွန်း ပေးကြပါတယ်။ ဒါပေမဲ့ လှည်းပေါ်က ပစ္စည်းတွေများလွန်းတာရယ်။ တံတားက မြင့်လွန်းတာရယ်ကြောင့် လှည်းကတော်တော်နဲ့ မရုန်းနိုင်အောင် ဖြစ်နေပါတယ်။ ကျွန်တော်တို့လည်း စောစောက စက်ဘီးနင်းလာခဲ့လို့ မောနေပေမယ့် ကူညီလက်စနဲ့ ကူညီရအောင်ဆိုပြီး ကျွန်တော်က “ကဲ ... မျိုးကြီး  ရှိတဲ့အား အကုန်သုံးပြီး တစ်ခေါက်လောက် တွန်းကြရအောင်” ဆိုပြီး လှည်းကို တွန်းကြ ပြန်ပါတယ်။

နွားတွေကလည်း ရှန်း ကျွန်တော်တို့ကလည်း အားကုန်တွန်းနဲ့ပဲ နွားလှည်းဟာ တဖြည်းဖြည်းနဲ့ တံတားကို ကျော်ဖြတ်သွားနိုင်ပါ တော့တယ်။ နွားလှည်းကျော်ဖြတ် အပြီးမှာတော့ ကျွန်တော်တို့ နှစ်ယောက်ကို လူရွယ်နဲ့ အမျိုးသမီးက “ကျေးဇူးတင်ပါတယ်” ဆိုတဲ့ စကားလေးများ ပြောမလားဆိုပြီး သူတို့ကို ကြည့်နေကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို ကျေးဇူးစကား ပြောဖို့မဆိုနဲ့ လှည့်တောင် မကြည့်တော့ဘဲ သူတို့လှည်းကို ဒုန်းစိုင်းမောင်း သွားကြပါတယ်။

ဒီအချိန်မှာ ကျွန်တော်တို့ နှစ်ယောက်ဟာ အတော်ကြီးကို မကျေမနပ်ဖြစ်သွားပြီး၊ “ဒီနေရာမှာ ငါတို့သာ မကူညီဘူးဆိုရင် ဘယ်သူမှ ကူညီမဲ့သူမရှိဘူးကွ။ ဟင်း... လှည်းဒီလောက် တွန်း ပေးတာကို ကျေးဇူးတင် စကားလေးတောင်မှ ပြောမသွားကြဘူး။ တော်တော် ကျေးဇူးကန်းတဲ့ သူတွေပဲ။ စားပြီး ခွက်မှောက်ဆိုတာ ဒီလို လူစားတွေ ပဲပေါ့” လို့ ပြောဆိုနေမိကြပါတယ်။

ထိုစဉ် ကျွန်တော့်စိတ်ထဲမှာ အတွေးတစ်ခု ဝင်လာပါတယ်။

အဲဒါကတော့ ကျွန်တော်လည်း အခက်အခဲတွေကို ကူညီ ဖြေရှင်းပေးခဲ့တဲ့ ဘုရားသခင်ကို ကျေးဇူးတင်ဖို့ မေ့ကောင်းမေ့ပါလိမ့်မယ် ဆိုတဲ့ အချက်ပါပဲ။ သူငယ်ချင်း  မျိုးကြီးကို ဖျောင်းဖျပြောဆို ပြီး မြို့ဘက်ကို ခရီးဆက် ခဲ့ကြပါတော့တယ်။

ကျွန်တော်တို့လည်း ဒုက္ခအခက်ခဲများနဲ့ ကြုံရတဲ့အချိန်မှာ ဘုရားသခင်က အများကြီး ကူညီတာရှိပါတယ်။ အဲဒီ အချိန်မှာကော ဘုရားသခင်ကို ကျေးဇူးတင်မိရဲ့လား။ ???

မိမိတို့ ကူညီလိုက်တဲ့ သူက ကျေးဇူးမတင်ရင် သူတို့ကို အပြစ်မမြင် သင့်ပါဘူး။ ဘုရားသခင်ဟာ ကျွန်တော်တို့ လူသားများအပေါ်မှာ အမြဲပဲကူညီ စောင့်ရှောက်နေတယ် မဟုတ်ပါလား။

ဒါကြောင့် မိမိတို့ ရရှိကြတဲ့ ကျေးဇူးတော်များအတွက် နွားလှည်းမောင်းသူ လူရွယ်နဲ့ အမျိုးသမီးလို ကျေးဇူးတင်ဖို့ မေ့တတ်တဲ့ သူတွေထဲ မပါစေဘဲ နေ့စဉ်နဲ့ အမျှ ရရှိခံစားရတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်အတွက် ကျေးဇူးဆပ်တင်ရန် မမေ့လျော့တတ်သူများ ဖြစ်ကြပါစို့လို့ ဒီဆောင်းပါးလေးနဲ့ ဝေမျှ နှိုးဆော်လိုက်ပါတယ်။

မိတ်ဆွေတို့ အပေါ် ဘုရားသခင်ကောင်းကြီးပေးပါစေ။

*William*

ဤလောကတွင်

ကျေးဇူးသိတတ်၍ ကျေးဇူးတင်တတ်သောသူများ ရှိကြပါသည်။

ထို့အတူ

ကျေးဇူးမသိတတ်၍ ကျေးဇူးမတင်တတ်သောသူက ပို၍များသည်။

သို့သော်လည်း

ကျေးဇူးသိတတ်၍ ကျေးဇူးတင်တတ်သောသူ အများတွင်

ကျေးဇူးဆပ်နိုင်သူကား အလွန်ရှားပေသည်။

“တစ်လုပ်စာဘူး ... သူ့ကျေးဇူး” ဆိုရိုးစကားလည်း ရှိပေသည်။

အကြီးမားဆုံးကျေးဇူးတော်ကား

ငါတို့သခင် ယေရှုခရစ်အားဖြင့် “ထာဝရအသက်” ပေတည်း။

# ချီးမွမ်းတတ်သူဖြစ်စေပါ

သခင်ဘုရား
တပည့်တော်ရဲ့ . . . ဘဝမှာလေ
စုံစမ်းခြင်းများ . . . ကြုံတွေ့ရင်ဆိုင်
ဖြတ်ကျော်ဖို့ရန် . . . မဖြစ်နိုင်မှန်း
ထင်ရှိနေခိုက်

သခင်ဘုရား . . . ကြွပါယခု
အော်ဟစ်ခေါ်ယူ . . . လွှန်၍မသွား
တောင်းပန်ဖွင့်ဟ ... လက်တွင်းသို့အပ်။

သခင်ဘုရား . . . မေတ္တာစိတ်ဖြင့်
တပည့်တော်ပေါ် . . . လက်တော်ဆန့်တန်း
လွတ်မြောက်ရာလမ်း . . . ဖွေရှာပေးခဲ့။

သခင်ဘုရား . . . တန်ခိုးတော်ဖြင့်
မကောင်းမှုမှ . . . ချမ်းသာလမ်းသို့
ရောက်သည့်တိုင်အောင်

ကိုယ်တော်ပေးသနား . . . ကောင်းချီးများအတွက်
တပည့်တော်ရဲ့ . . . အသက်တာလမ်းတွင်
နေ့ရက်စဉ်တိုင်း

ချီးမွမ်းတတ်သူ . . . ဖြစ်စေမူပါ ။

ရေး– ချစ်တပည့်




## ကျေးဇူးတော်ချီးမွမ်းခြင်းဆာလံ – ဆာလံကျမ်း၊ ၁၀၀

မြေကြီးသားအပေါင်းတို့၊ ထာဝရဘုရားအား ကြွေးကြော်ကြလော့။
ထာဝရဘုရား၏ အမှုတော်ကို ဝမ်းမြောက်စွာ ဆောင်ရွက်ကြလော့။
ရွှင်လန်းစွာ သီချင်းဆိုလျက်၊ အထံတော်သို့ ဝင်ကြလော့။
ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူသည်ဟု သိမှတ်ကြလော့။
ထာဝရဘုရားသည်ငါတို့ကို ဖန်ဆင်းတော်မူ၍၊ ငါတို့၏ အရှင်ဖြစ်တော်မူ၏။
ငါတို့သည်လည်း၊ ထာဝရဘုရား၏လူဖြစ်ကြ၏။ အထံတော်၌ကျက်စားသောသိုးစုလည်းဖြစ်ကြ၏။
ကျေးဇူးတော်ကို ကြီးမားပါသည်ဟု ဝန်ခံလျက်၊ တံခါးတော်တို့ကိုဝင်း၊
ဂုဏ်တော်ကိုချီးမွမ်းလျက် တန်တိုင်းတော်တို့ကိုဝင်း ဝင်ကြလော့။
ကျေးဇူးတော်ကို ချီးမွမ်း၍ နာမတော်ကို ကောင်းကြီးပေးကြလော့။
အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။
ကရုဏာတော်သည် အစဉ်အမြဲ ရှိ၍၊ သစ္စာတော်သည် ကာလအဆက်ဆက် တည်လေသတည်း။

---

## A Psalm of Thanksgiving. Psalm 100

Make a joyful shout to the LORD, all you lands!
Serve the LORD with gladness;
Come before His presence with singing.
Know that the LORD, He *is* God;
*It is* He *who* has made us, and not we ourselves;
*We are* His people and the sheep of His pasture.
Enter into His gates with thanksgiving,
*And* into His courts with praise.
Be thankful to Him, *and* bless His name.
For the LORD *is* good;
His mercy *is* everlasting,
And His truth *endures* to all generations.